## ၁။ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်နှင့် အဆောက်အအုံပြီးစီးကြောင်းလျှောက်ထားမှု လုပ်ငန်းစဉ်

### (က) (၃)ထပ်နှင့်အောက် အဆောက်အအုံများ

#### (၁) မြေပိုင်ဆိုင်မှုမှန်ကန်သော ဆောက်လုပ်ခွင့်

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်းမှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ တင်ပြရန်<br>(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှု ပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ညွှန်ကြားချက်ကိုလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>(င) ဘေးကပ်လျက် မြေကွက်ပိုင်ရှင်များ၏ သဘောထားတင်ပြရန် (ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)<br>(စ) စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိ မြေကွက်ပိုင်ရှင်များ [ဘေးဝဲဘက်(၂)ဦး၊ ယာဘက်(၂)ဦး၊ ရှေ့ဘက် (၃)ဦး၊နောက်ဘက် (၃)ဦး၊ စုစုပေါင်း(၁၀)ဦး] မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြရန်<br>(ဆ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန်<br>(ဇ) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ<br>(ဈ) အဆောက်အအုံဟောင်း ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှု မရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့် မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်<br>(ည) မြေရှင်၏ GP/SP မှတင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်<br>(ဋ) ကန်ထရိုက်တိုက်ပုံစံဖြစ်ပါက မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ သတ်မှတ်ထားသည့်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ကတိတင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဂရန်မိတ္တူနှင့် သက်ဆိုင်ရာဌာနမှ (၁)နှစ်အတွင်းထုတ်ပေးထားသော နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ<br>၅။ မိသားစုလုံးချင်းနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံပုံစံဖြစ်ပါက မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသောအဆိုပြုပုံစံ (၃)စုံ (A3 Size) |

| | |
|---|---|
| | ၆။ ကန်ထရိုက်တိုက်ပုံစံဖြစ်ပါက မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ ဗိသုကာမှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size)<br>၇။ ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ဓာတ်ပုံ<br>၈။ ကန်ထရိုက်တိုက်ပုံစံနှင့် စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံပုံစံများဖြစ်ပါက မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ<br>မှတ်ချက်။ အမှတ်စဉ်(၃)နှင့်(၄)သည် မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by -law/Rules & Regulations/ CQHP Guide Lines/Myanmar National Building Code 2016. |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ ဆောက်လုပ်မည့် အဆိုပြုပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင်(သို့)မြေရှင်၏ GP/ SP ရရှိသူမှလာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ ဆောက်လုပ်မည့်ပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကိုပြည့်စုံမှုရှိ/ မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအားလက်ခံဆောင်ရွက်မည်ဖြစ်ပြီးရန်ကုန်မြို့တော်ဘဏ်တွင် ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခပေးသွင်းရမည်ဖြစ်ပါသည်။ (၃)ထပ်ကန်ထရိုက်တိုက်ပုံစံများဖြစ်ပါက ဆောက်လုပ်ခွင့် ပုံစံစစ်ဆေးခအပြင် အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ (ဠ)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည် ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ လျှောက်ထားသူတင်ပြသည့်ဆောက်လုပ်မည့်ပုံစံနှင့်တင်ပြထားသောစာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများ၊CQHP Guide Lines၊ MNBC 2016နှင့်အညီ နောက်ဆက်တွဲ(က)ပါအတိုင်း စိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့် အမှုတွဲများကို ဆောက်လုပ်ခွင့်ပြုမိန့်ဆက်လက်ဆောင်ရွက်ပါမည်။<br>၇။ ခွင့်ပြုမိန့်ရရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၈။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဆောက်လုပ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ ဆောက်လုပ်ပြီးကာလအထိ နောက်ဆက်တွဲ(ဌ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပြီးခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူမှ လုပ်ထုံးလုပ်နည်းနှင့်အညီ Revised Plan တင်ပြလျှောက်ထားရပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - အဆောက်အအုံအသုံးပြုမှုအလိုက် လိုအပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ ဝန်ကြီးဌာနတို့၏ ထောက်ခံချက်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခါအားလျော်စွာ လိုအပ်၍တောင်းခံသည့် စာရွက်စာတမ်း/ အထောက်အထားများကိုလည်း ပူးတွဲတင်ပြရန်လိုအပ်ပါသည်။ အဆောက်အအုံအသုံးပြုမှုအလိုက်လိုအပ်သည့်ထောက်ခံချက်များကိုနောက်ဆက်တွဲ(မ) တွင်ပူးတွဲဖော်ပြထားပါသည်။<br>– အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခွင့်လျှောက်ထားလာခြင်းများအား အထက်ဖော်ပြပါလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါသည်။ |

## (၂) မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်ဖြင့် ဆောက်လုပ်ခွင့်

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/ အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) ဆောက်လုပ်ခွင့်လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်<br>(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှု ပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း မြေရှင်မှခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/ အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>(င) ဘေးကပ်လျက် မြေကွက်ပိုင်ရှင်များ၏ သဘောထားတင်ပြရန်(ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)<br>(စ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန်<br>(ဆ) အဆောက်အအုံဟောင်း ဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ<br>(ဇ) အဆောက်အအုံဟောင်း ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့် မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်<br>(ဈ) ကန်ထရိုက်တိုက်ပုံစံဖြစ်ပါက မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ကတိတင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ( A4 Size တစ်မျက်နှာတည်းတွင် အပေါ်/ အောက်ကူးရန်)<br>၃။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ ဗိသုကာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ<br>၅။ မိသားစုလုံးချင်းနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံပုံစံဖြစ်ပါက မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size)<br>၆။ ကန်ထရိုက်တိုက်ပုံစံဖြစ်ပါက မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင် လက်မှတ်ရ အင်ဂျင်နီယာ/ ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size)<br>၇။ ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓါတ်ပုံနှင့်ဘေးနှစ်ဖက်ရှိ အဆောက်အအုံများ၏ဓါတ်ပုံ<br>၈။ ကန်ထရိုက်တိုက်ပုံစံနှင့် စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံပုံစံများဖြစ်ပါက မီးသတ်ဦးစီးဌာန၏အကြံပြုချက်နှင့်အတည်ပြုပုံစံ<br>မှတ်ချက်။ အမှတ်စဉ်(၃)နှင့်(၄)သည်မိတ္တူမှန်ဖြစ်ရန်အတွက်မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by-law/Rules & Regulations/ CQHP Guide Lines/Myanmar National Building Code 2016. |

| | |
|---|---|
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ ဆောက်လုပ်မည့်အဆိုပြုပုံစံနှင့် တင်ပြရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စီမံချက်ဌာနခွဲသို့ မြေရှင်မှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စီမံချက်ဌာနခွဲမှ ဆောက်လုပ်မည့်ပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကိုပြည့်စုံမှုရှိ/မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပြီး မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ (မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)တွင် မြေရာဇဝင်စိစစ်ပါမည်။မြေရှင်မှ ရန်ကုန်မြို့တော်ဘဏ်တွင် ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ၏ ၁၀% ကို ပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကိုနောက်ဆက်တွဲ(ဃ)ပါအတိုင်းကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ (မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)မှ မြေရာဇဝင်ပြန်ကြားလာပါက ခွင့်ပြုပေးနိုင်သည့် မြေအမျိုးအစားဖြစ်လျှင် ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်ချက်ရှိ/မရှိ နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းကြေညာမည်ဖြစ်ပါသည်။<br>၆။ ကန့်ကွက်ချက်မရှိသည့် ဆောက်လုပ်ခွင့်များကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စီမံချက်ဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ လျှောက်ထားသူတင်ပြသည့် ဆောက်လုပ်မည့်ပုံစံနှင့် တင်ပြထားသောစာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ CQHP Guide Line၊ MNBC 2016 နှင့်အညီ နောက်ဆက်တွဲ(က)ပါအတိုင်း စိစစ်မည်ဖြစ်ပြီး ကန့်ကွက်ချက်ရှိသည့် အမှုတွဲများနှင့်ပတ်သက်၍ ကန့်ကွက်ချက်ပြေလည်မှသာ ဆက်လက်စိစစ်ဆောင်ရွက်မည် ဖြစ်ပါသည်။<br>၇။ ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့်အမှုတွဲများကို ဆောက်လုပ်ခွင့်ပြုရန် မြေရှင်ထံ ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။ (၃)ထပ် ကန်ထရိုက်တိုက်ပုံစံများဖြစ်ပါက ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခအပြင် အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရန်ကိုပါ တစ်ပါတည်းအကြောင်းကြားဆောင်ရွက်ပါမည်။<br>၈။ မြေရှင်အား ပုံစံစစ်ဆေးခ၏၉၀%နှင့် အဆောက်အအုံပိုင်းဆိုင်ရာကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရန် လိုအပ်သည့်အဆောက်အအုံများအား ရန်ကုန်မြို့တော်ဘဏ်တွင် တစ်ပါတည်းပေးသွင်းစေပြီး ဆောက်လုပ်ခွင့်ပြုမိန့်ဆက်လက်ဆောင်ရွက်ပါမည်။<br>၉။ ခွင့်ပြုမိန့်ရရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၁၀။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဆောက်လုပ်ခြင်းလုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ ဆောက်လုပ်ပြီးကာလအထိ နောက်ဆက်တွဲ (ဃ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပြီး ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူမှ လုပ်ထုံးလုပ်နည်းနှင့်အညီ Revised Plan တင်ပြလျှောက်ထားရပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက်(အလုပ်ဖွင့်ရက်) (သတင်းစာကြေညာရက်ပြည့်ပြီးသည့်အချိန်မှ စတင်ရေတွက်ပါသည်။) |
| မှတ်ချက် | - အဆောက်အအုံအမြင့်ကို အများဆုံး ၃၀' အထိသာ ခွင့်ပြုမည်ဖြစ်သဖြင့် (၃)ထပ် အဆောက်အအုံဖြစ်ပါက မြေညီထပ်အမြင့် ၁၂'၊ ပထမထပ်နှင့်ဒုတိယထပ်အား အမြင့် ၉' စီ၊ အမိုးကို Pitch Roof ပုံစံဖြင့် တင်ပြရမည်ဖြစ်ပါသည်။<br>– အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခွင့်လျှောက်ထားလာခြင်းများအား အထက်ဖော်ပြပါလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါသည်။ |

## (၃) ၃ထပ်နှင့်အောက် အဆောက်အအုံများအတွက် အဆောက်အအုံပြီးစီးကြောင်း လက်မှတ်(BCC)

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်အတွက် လျှောက်လွှာပုံစံ<br>(ခ) မြေရှင်၏ GP/SP မှတင်ပြမည်ဆိုပါကမြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်<br>၂။ ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်<br>၃။ ဆောက်လုပ်ခွင့်ပြုပုံစံ ( Drawing )မိတ္တူ(၁)စုံ<br>၄။ ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ ငွေသွင်းချလံမိတ္တူ<br>၅။ အဆောက်အအုံပြီးစီးကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်စစ်ဆေးရေး အင်ဂျင်နီယာများ၏မှတ်ချက်ပါရှိသော မှတ်တမ်းစာအုပ် (Log Book)<br>၆။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) ( A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၇။ စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံပုံစံဖြစ်ပါက မီးသတ်ဦးစီးဌာန၏ထောက်ခံချက် မူရင်းနှင့် Fire Safety Certificate မိတ္တူ<br>၈။ အဆောက်အအုံ၏ရှေ့၊ နောက်၊ ဝဲ၊ ယာ ဓာတ်ပုံများ<br>၉။ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန (ရာပြတ်ဌာန)၏အခွန်စည်းကြပ်ပြီးကြောင်းထောက်ခံချက်<br>၁၀။ ကန်ထရိုက်တိုက်နှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၏ အမှိုက်စွန့်ပစ်ရန် လုံလောက်သည့်အမှိုက်ပုံးထားရှိမည်ဖြစ်ကြောင်းခံဝန်<br>၁၁။ Lift ပါဝင်သော အဆောက်အအုံဖြစ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ဓာတ်လှေကားအသုံးပြုခွင့်လက်မှတ်<br>၁၂။ (၁၈)ခန်းနှင့်အထက် အဆောက်အအုံဖြစ်ပါက Transformer တပ်ဆင်သုံးစွဲခွင့်ပြုကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက် |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ အဆောက်အအုံပြီးစီးကြောင်း စစ်ဆေးခံရန်အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲသို့ မြေရှင်(သို့) မြေရှင်၏ GP/SP ရရှိသူမှ လာရောက် တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊စစ်ဆေးရေးဌာနခွဲမှ နောက်ဆက်တွဲ(ဏ)ပါအတိုင်း စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း မှတ်တမ်းရေးသွင်းပြီးသော စစ်ဆေးချက်မှတ်တမ်းစာအုပ် (Log Book)အား ဌာနမှသတ်မှတ်ထားသည့် ထောက်ခံချက်များနှင့်အတူ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲ (BCC Section) သို့ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၃။ ပြည့်စုံမှုရှိသည့် BCC အမှုတွဲများအား လျှောက်ထားသည့်နေ့တွင် BCC ပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး BCC ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ၏ ၂၅% (ခွင့်ပြုမိန့်ကာလအတွင်း) |
| ကြာမြင့်ချိန် | - ၃ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - |

## (ခ) (၄)ထပ်မှ (၈)ထပ်အထိ အဆောက်အအုံများ

### (၁) ဆောက်လုပ်ခွင့်

| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | **ပဏာမအဆိုပြုပုံစံ**(**Proposal**) |
| --- | --- |
| | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) ဆောက်လုပ်ခွင့် လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်<br>(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့် မြေပိုင်ဆိုင်မှု ပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် တင်ပြရန်<br>(င) ဘေးကပ်လျက် မြေကွက်ပိုင်ရှင်များ၏ သဘောထား တင်ပြရန် (ဘေး၃'နှင့်အထက် မြေချန်ထားပါက တင်ပြရန်မလိုပါ)<br>(စ) လမ်းအတွင်း ၄ထပ်နှင့်အထက်အဆောက်အအုံမရှိပါက အဆိုပြုအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိ မြေကွက်ပိုင်ရှင်များ[ဘေးဝဲဘက် (၂)ဦး၊ ယာဘက် (၂)ဦး၊ ရှေ့ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁၀)ဦး] မှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်တင်ပြရန်<br>(သို့မဟုတ်)<br>(ဆ) စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိ မြေကွက်ပိုင်ရှင်များ [ဘေးဝဲဘက်(၂)ဦး၊ ယာဘက်(၂)ဦး၊ ရှေ့ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁၀)ဦး] မှ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်တင်ပြရန်<br>(ဇ) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ<br>(ဈ) အဆောက်အအုံဟောင်း ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံ ပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့် မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်<br>(ည) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်<br>(ဋ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ၏ တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင် ပူးတွဲတင်ပြရန်)<br>(ဌ) အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၊ လိုင်စင်ရကန်ထရိုက်တာ (LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင် ပူးတွဲတင်ပြရန်)<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ (၁)နှစ်အတွင်းထုတ်ပေးထားသော နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map) မိတ္တူ<br>၅။ ဘေးဝဲ/ယာကပ်လျက်တွင် ၄ထပ်နှင့်အထက် အဆောက်အအုံများရှိပါက လိုင်စင်ရတိုင်းတာရေးအင်ဂျင်နီယာ၏ အဆောက်အအုံတိုင်းတာချက် (Theodolite Reading)<br>၆။ မြေရှင်နှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုဗိသုကာပုံစံ(၁)စုံ (A3 Size)<br>၇။ ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ဓာတ်ပုံ<br>**ပုံစံကြီး**<br>၈။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့် သက်သေခံကတ်ပြားမိတ္တူ<br>၉။ မြေခံနိုင်အားစမ်းသပ်မှု (Soil Test) (၁)စုံနှင့် Soft Copy CD<br>၁၀။ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တွက်ချက်တင်ပြထားသည့် အဆောက်အအုံခိုင်ခံ့မှုဆိုင်ရာ တွက်ချက်မှုပုံစံ(၁)စုံ နှင့် Soft Copy CD<br>၁၁။ မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)နှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size) |

| | |
|---|---|
| | ၁၂။ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ<br>၁၃။ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ မိလ္လာကန်တည်ဆောက်ရန် ခွင့်ပြုမိန့်(သို့မဟုတ်)သဘောထားမှတ်ချက်<br>မှတ်ချက်။ အမှတ်စဉ်(၃)၊(၄)နှင့်(၈)သည်မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations/ CQHP Guide Lines /<br>Myanmar National Building Code 2016. |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | **ပဏာမအဆိုပြုပုံစံ (Proposal)**<br>၁။ ဆောက်လုပ်မည့် ပဏာမအဆိုပြုပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင်(သို့)မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ ဆောက်လုပ်မည့်ပဏာမအဆိုပြုပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိစိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြပဏာမအဆိုပြုအမှုတွဲအား လက်ခံဆောင်ရွက်ရန်ရန်ကုန်မြို့တော်ဘဏ်တွင် ပုံစံစစ်ဆေးခ၏၁၀%ကို ပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ(ဥ)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ မြေရှင်တင်ပြသည့်ပဏာမအဆိုပြုပုံစံနှင့် တင်ပြထားသောစာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊CQHP Guide Lines၊ MNBC 2016နှင့်အညီ နောက်ဆက်တွဲ(ခ)ပါအတိုင်း စိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့်အမှုတွဲများကို ပဏာမအနေဖြင့် ဆောက်လုပ်ခွင့်ပြုမည်ဖြစ်သဖြင့် လျှောက်ထားသူထံ အကြောင်းကြားဆောင်ရွက်ပါသည်။<br>**ပုံစံကြီး**<br>**ပဏာမအဆိုပြုပုံစံခွင့်ပြုပြီး(၆)လအတွင်း ပုံစံကြီးတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**<br>၁။ မြေရှင်မှ ဌာနမှ ခွင့်ပြုထားသည့်ပဏာမအဆိုပြုပုံစံနှင့်အညီ ပုံစံများရေးဆွဲပြီး လိုအပ်သောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင်(သို့)မြေရှင်၏GP/SPရရှိသူမှ လာရောက်တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ တင်ပြပုံစံနှင့် စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိ စိစစ်မည်ဖြစ်ပါသည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ပုံစံခွင့်ပြုဌာနခွဲမှ ဗိသုကာပုံစံနှင့် အဆောက်အအုံခိုင်ခံ့မှုဆိုင်ရာတွက်ချက်မှုများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ CQHP Guide Lines၊ MNBC 2016 နှင့်အညီ နောက်ဆက်တွဲ(ဂ)နှင့် (ဃ)ပါအတိုင်း စိစစ်မည်ဖြစ်ပါသည်။<br>၅။ ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့်အမှုတွဲများကို ဆောက်လုပ်ခွင့်ပြုမည်ဖြစ်သဖြင့် မြေရှင်ထံ ဆောက်လုပ်ခွင့် ပုံစံစစ်ဆေးခနှင့်အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါသည်။<br>၆။ မြေရှင်အား ပုံစံစစ်ဆေးခ၏ ၉၀% နှင့် အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါသည်။<br>၇။ ခွင့်ပြုမိန့်ရရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၈။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဆောက်လုပ်ခြင်းလုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ ဆောက်လုပ်ပြီးကာလအထိ နောက်ဆက်တွဲ(ဎ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပြီး ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူမှ လုပ်ထုံးလုပ်နည်းနှင့်အညီ Revised Plan တင်ပြလျှောက်ထားရပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ပဏာမအဆိုပြုပုံစံ (Proposal) - ၁၇ ရက် (အလုပ်ဖွင့်ရက်)<br>- ပုံစံကြီး - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - အဆောက်အအုံအသုံးပြုမှုအလိုက် လိုအပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ ဝန်ကြီးဌာနတို့၏ ထောက်ခံချက်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခါအားလျော်စွာ လိုအပ်၍တောင်းခံသည့် စာရွက်စာတမ်း/ အထောက်အထားများကိုလည်း ပူးတွဲတင်ပြရန်လိုအပ်ပါသည်။ အဆောက်အအုံအသုံးပြုမှုအလိုက်လိုအပ်သည့်ထောက်ခံချက်များကိုနောက်ဆက်တွဲ(မ)တွင်ပူးတွဲဖော်ပြထားပါသည်။<br>– အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခွင့်လျှောက်ထားလာခြင်းများအား အထက်ဖော်ပြပါလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါသည်။<br>- ပဏာမအဆိုပြုပုံစံနှင့်ကွဲလွဲပါက ပဏာမအဆိုပြုပုံစံ(Proposal)အသစ်တင်ပြရန် လိုအပ်ပြီး ပဏာမအဆိုပြုပုံစံစိစစ်သည့် လုပ်ငန်းစဉ်အတိုင်း စိစစ်ပါမည်။ |

## (၂) ၄ထပ်မှ၈ထပ်အထိ အဆောက်အဦများအတွက် အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်အတွက်လျှောက်လွှာပုံစံ<br>(ခ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါကမြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာမှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်<br>(ဂ) အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ လျှပ်စစ်ဌာနခွဲ၏ လျှပ်စစ်သွယ်တန်းမှုစစ်ဆေးရန် လျှောက်လွှာပုံစံ<br>၂။ ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်<br>၃။ ဆောက်လုပ်ခွင့်ပြုပုံစံ ( Drawing )မိတ္တူ(၁)စုံ<br>၄။ ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ ငွေသွင်းချလံမိတ္တူ<br>၅။ အဆောက်အအုံပြီးစီးကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်စစ်ဆေးရေးအင်ဂျင်နီယာများ၏မှတ်ချက်ပါရှိသော မှတ်တမ်းစာအုပ် (Log Book) နှင့် လိုင်စင်ရကန်ထရိုက်တာ(LC)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာမှ လက်မှတ်ရေးထိုးထားသောဇယား<br>၆။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၇။ မီးသတ်ဦးစီးဌာန၏ထောက်ခံချက် မူရင်း နှင့် Fire Safety Certificate မိတ္တူ<br>၈။ အဆောက်အအုံ၏ ရှေ့/နောက်/ဝဲ/ယာ ဓါတ်ပုံများနှင့်လျှပ်စစ်မီတာ/ရေမော်တာ/ မိလ္လာကန်ထားရှိမှုဓါတ်ပုံ<br>၉။ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန (ရာပြတ်ဌာန)၏အခွန်စည်းကြပ်ပြီးကြောင်းထောက်ခံချက်<br>၁၀။ ကန်ထရိုက်တိုက်နှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၏ အမှိုက်စွန့်ပစ်ရန်လုံလောက်သည့်အမှိုက်ပုံးထားရှိမည်ဖြစ်ကြောင်းခံဝန်<br>၁၁။ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့၏ ရေစီးရေလာနှင့်မိလ္လာစနစ်တို့အတွက်သဘောထားမှတ်ချက်<br>၁၂။ Lift ပါဝင်သော အဆောက်အအုံဖြစ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ဓာတ်လှေကားအသုံးပြုခွင့် လက်မှတ်<br>၁၃။ (၁၈)ခန်းနှင့်အထက် အဆောက်အအုံဖြစ်ပါက Transformer တပ်ဆင်သုံးစွဲခွင့်ပြုကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက်<br>၁၄။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက် (သို့မဟုတ်) လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ (LC)တို့၏ခံဝန်ကတိ<br>၁၅။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးကြောင်းထောက်ခံချက်<br>၁၆။ အဆိုပြုအဆောက်အအုံအတွက် လိုင်စင်ရတိုင်းတာရေး အင်ဂျင်နီယာ၏ Theodolite တိုင်းတာချက် |

| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by -law/Rules & Regulations |
|---|---|
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ အဆောက်အအုံပြီးစီးကြောင်း စစ်ဆေးခံရန်အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲသို့ မြေရှင်(သို့) မြေရှင်၏ GP/SP ရရှိသူ (သို့)လိုင်စင်ရကန်ထရိုက်တာ (LC)မှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ နောက်ဆက်တွဲ(ဏ)ပါအတိုင်း စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း မှတ်တမ်းရေးသွင်းပြီးသော စစ်ဆေးချက်မှတ်တမ်းစာအုပ်(Log Book)အား ဌာနမှသတ်မှတ်ထားသည့် ထောက်ခံချက်များနှင့်အတူ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲ (BCC Section) သို့ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၃။ ပြည့်စုံမှုရှိသည့် BCC အမှုတွဲများအား ခွင့်ပြုရန် မြေရှင်ထံ BCC ပုံစံစစ်ဆေးခ ပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၄။ မြေရှင်အား BCC ပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး BCC ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ၏ ၂၅% (ခွင့်ပြုမိန့်ကာလအတွင်း) |
| ကြာမြင့်ချိန် | - ၁၄ ရက် (အလုပ်ဖွင့်ရက်) |

## (ဂ) (၉)ထပ်နှင့်အထက် အဆောက်အအုံများ

### (၁) ဆောက်လုပ်ခွင့်

| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | **ပဏာမအဆိုပြု"မူ"ပုံစံ (Proposal)**<br>၁။ သတ်မှတ်လျှောက်လွှာ<br>(က) ဆောက်လုပ်ခွင့် လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်<br>(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှု ပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>(င) ဘေးပတ်ဝန်းကျင်ရှိ ထိစပ်မြေကွက်များအပါအဝင် အနည်းဆုံးမြေကွက် (၁၀)ကွက်၏ ပိုင်ရှင်များ [ဘေးဝဲဘက်(၂)ဦး၊ ယာဘက်(၂)ဦး၊ ရှေ့ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း (၁၀)ဦး]မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တင်ပြရန်<br>(စ) အဆောက်အအုံဟောင်း ဖျက်သိမ်းခွင့်လျှောက်လွှာပုံစံ<br>(ဆ) အဆောက်အအုံဟောင်း ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံ ပျက်စီးမှုမရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်<br>(ဇ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ် လွှဲအပ်ထားသည်မှာမှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်<br>(ဈ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ၏ |

| | |
|---|---|
| | တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင် ပူးတွဲတင်ပြရန်)<br>(ည) အဆောက်အအုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ (LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ခံဝန်ကတိတင်ပြရန် (ပုံစံကြီးတွင်ပူးတွဲတင်ပြရန်)<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ (၁)နှစ်အတွင်း ထုတ်ပေးထားသော နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ (D/Map)မိတ္တူ<br>၅။ ဘေးဝဲ/ယာကပ်လျက်တွင် ၄ထပ်နှင့်အထက် အဆောက်အအုံများရှိပါက လိုင်စင်ရတိုင်းတာရေးအင်ဂျင်နီယာ၏ အဆောက်အအုံတိုင်းတာချက် (Theodolite Reading)<br>၆။ မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုဗိသုကာပုံစံ(၁)စုံ (A3 Size)<br>၇။ ဖျက်သိမ်းမည့်အဆောက်အအုံဟောင်း၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ဓာတ်ပုံ<br>**ပုံစံကြီး**<br>၈။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာ လုပ်ငန်းလုပ်ကိုင်ခွင့် သက်သေခံကတ်ပြားမိတ္တူ<br>၉။ မြေခံနိုင်အားစမ်းသပ်မှု (Soil Test) မူရင်း(၂)စုံနှင့် Soft Copy CD<br>၁၀။ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာများမှ တွက်ချက်တင်ပြထားသည့် Structural Calculation (၂)စုံ၊ M & E Calculation (၂)စုံနှင့် Soft Copy CD<br>၁၁။ မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(LC)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်ဗိသုကာတို့မှ တွက်ချက်ရေးဆွဲထားသည့် Architectural Drawing (၄)စုံ၊ Structural Drawing (၄)စုံ၊ M & E Drawing (၄)စုံ၊ Pile Foundation ဖြစ်ပါက Pile Load Test (Method of Statement)(၄)စုံ<br>၁၂။ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်နှင့်အတည်ပြုပုံစံ<br>မှတ်ချက်။ အမှတ်စဉ်(၃)၊(၄)နှင့်(၈)သည်မိတ္တူမှန်ဖြစ်ရန်အတွက်မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည် ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by -law/Rules & Regulations/ CQHP Guide Lines / Myanmar National Building Code 2016. |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | **ပဏာမအဆိုပြု "မူ" ပုံစံ (Proposal)**<br>၁။ ဆောက်လုပ်မည့်ပဏာမအဆိုပြုပုံစံနှင့် တင်ပြရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင် (သို့) မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ ဆောက်လုပ်မည့်ပဏာမအဆိုပြုပုံစံနှင့် တင်ပြရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှု ရှိ/မရှိ နောက်ဆက်တွဲ(င)ပါအတိုင်း စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြပဏာမအဆိုပြုအမှုတွဲအား လက်ခံဆောင်ရွက်ရန် ရန်ကုန်မြို့တော်ဘဏ်တွင် ပုံစံစစ်ဆေးခ၏ ၁၀% ကို ပေးသွင်းရမည် ဖြစ်ပါသည်။<br>၄။ တင်ပြထားသောပုံစံများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ နောက်ဆက်တွဲ(င) ပါအတိုင်း အသေးစိတ်စိစစ်ပြီး ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့၊ လမ်းတံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ (မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)တို့ ပါဝင်သောအဖွဲ့ဖြင့် မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အမှတ်စဉ်(၄)ပါ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သော တာဝန်ခံအဖွဲ့၊ ဌာနများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့်အညီ မြေရှင် တင်ပြသည့် ပဏာမအဆိုပြုပုံစံနှင့် တင်ပြထားသော စာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ CQHP Guide Lines၊ MNBC 2016 နှင့်အညီ စိစစ်မည်ဖြစ်ပါသည်။ |

| | |
|---|---|
| | ၆။ ပဏာမအဆိုပြု “မူ” ပုံစံအား ခွင့်ပြုနိုင်ရန်အတွက် (၉)ထပ်မှ (၁၂)ထပ်အထိကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ အစည်းအဝေးသို့လည်းကောင်း၊ ရွှေတိဂုံဘုရားကန့်သတ်ဇရိယာအတွင်း တည်ဆောက်မည့် (ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၉၀) ထက်မကျော်လွန်သော စီးပွားရေးဆိုင်ရာအဆောက်အဦများ၊ (၁၃)ထပ်နှင့်အထက် အဆောက်အအုံများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များအစည်းအဝေးသို့ တင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးသို့လည်းကောင်း တင်ပြဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပါက မြေရှင်ထံ အကြောင်းကြားဆောင်ရွက်ပါသည်။<br>၇။ မြေရှင်မှ အတည်ပြုမည့်ပုံစံ(၄)စုံကို တင်ပြရမည်ဖြစ်ပြီး အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ စိစစ်ကာ (၉)ထပ်မှ(၁၃)ထပ်အထိ ပဏာမအဆိုပြု“မူ”ပုံစံများကို မြေရှင်နှင့် သက်ဆိုင်ရာ တာဝန်ခံအဖွဲ့၊ ဌာနများသို့လည်းကောင်း၊ (၁၄)ထပ်နှင့်အထက်အဆောက်အအုံများကို မြေရှင်၊ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(CQHP) နှင့်သက်ဆိုင်ရာတာဝန်ခံအဖွဲ့၊ ဌာနများသို့လည်းကောင်း ပေးပို့ပါမည်။<br><br>**ပုံစံကြီး**<br>**ပဏာမအဆိုပြု“မူ”ပုံစံ ခွင့်ပြုပြီး (၉)ထပ်မှ(၁၃)ထပ်အထိ အဆောက်အအုံများကို (၆)လအတွင်း၊ (၁၄)ထပ်နှင့်အထက် အဆောက်အအုံများကို (၁)နှစ်အတွင်း ပုံစံကြီး တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**<br>၁။ မြေရှင်မှ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ ခွင့်ပြုထားသည့် ပဏာမအဆိုပြုပုံစံနှင့်အညီ ပုံစံများတွက်ချက်ရေးဆွဲပြီး လိုအပ်သောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင် (သို့) မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ တင်ပြပုံစံနှင့် စာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိ နောက်ဆက်တွဲ(စ)ပါအတိုင်း စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါကအဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှတင်ပြအမှုတွဲအား လက်ခံဆောင်ရွက်ပါမည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ (၉)ထပ်မှ(၁၃)ထပ်အထိအဆောက်အအုံများ၏ Architecture, Structure and M & E ဒီဇိုင်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ CQHP Guide Lines၊ MNBC 2016 နှင့်အညီ နောက်ဆက်တွဲ(ဆ)၊ (ဇ)၊ (ဈ)နှင့်(ည)ပါအတိုင်း စိစစ်မည်ဖြစ်ပါသည်။ (၁၄)ထပ်နှင့်အထက်ဖြစ်ပါက Architecture, Structure and M & E ဒီဇိုင်းများကို အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(CQHP)သို့ ဒီဇိုင်းစိစစ်ရန်ပေးပို့ပါမည်။<br>၅။ Design ပိုင်းဆိုင်ရာ ထောက်ခံချက်များ ရရှိပြီး ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့်အမှုတွဲများကို ဆောက်လုပ်ခွင့်ပြုမည်ဖြစ်သဖြင့် လျှောက်ထားသူထံ ဆောက်လုပ်ခွင့် ပုံစံစစ်ဆေးခနှင့် အဆောက်အအုံပိုင်းဆိုင်ရာကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၆။ မြေရှင်အား ပုံစံစစ်ဆေးခ၏၉၀% နှင့်အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက်အာမခံကြေးကို ရန်ကုန်မြို့တော်ဘဏ်တွင်ပေးသွင်းစေပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။<br>၇။ ခွင့်ပြုမိန့်ရရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၈။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဆောက်လုပ်ခြင်း လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှ ဆောက်လုပ်ပြီးကာလအထိ နောက်ဆက်တွဲ(ဃ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပြီး ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိပါက မြေရှင်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ Revised Plan တင်ပြလျှောက်ထားရပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ပဏာမအဆိုပြု “မူ” ပုံစံ (proposal) –၃၅ ရက် (အလုပ်ဖွင့်ရက်)(၉ထပ်မှ၁၂ထပ်အထိ)<br>- ပဏာမအဆိုပြု “မူ” ပုံစံ (proposal) –၄၉ ရက် (အလုပ်ဖွင့်ရက်)(ရွှေတိဂုံဘုရားကန့်သတ်ဇရိယာအတွင်း)<br>- ပဏာမအဆိုပြု “မူ” ပုံစံ (proposal) –၄၉ ရက် (အလုပ်ဖွင့်ရက်) (၁၃ထပ်နှင့်အထက်)<br>- ပုံစံကြီး – ၅၁ ရက် (အလုပ်ဖွင့်ရက်) (၉ထပ်နှင့်အထက်) |

| | |
|---|---|
| မှတ်ချက် | - အဆောက်အအုံ အသုံးပြုမှုအလိုက် လိုအပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ ဝန်ကြီးဌာနတို့၏ ထောက်ခံချက်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခါအားလျော်စွာ လိုအပ်၍တောင်းခံသည့် စာရွက်စာတမ်း/အထောက်အထားများကိုလည်း ပူးတွဲတင်ပြရန်လိုအပ်ပါသည်။ အဆောက်အအုံအသုံးပြုမှုအလိုက်လိုအပ်သည့်ထောက်ခံချက်များကိုနောက်ဆက်တွဲ(မ)တွင်ပူးတွဲဖော်ပြထားပါသည်။<br>- ခွင့်ပြုပြီး "မူ" ပုံစံကို ပြောင်းလဲဆောင်ရွက်လိုပါက ယခင်"မူ"ခွင့်ပြုပုံစံနှင့် ပြောင်းလဲဆောင်ရွက်လိုသည့် ပုံစံများကို နှိုင်းယှဉ်ပုံစံများရေးဆွဲ၍ တင်ပြရန်လိုအပ်ပြီး ပဏာမအဆိုပြု"မူ"ပုံစံ စိစစ်သည့် လုပ်ငန်းစဉ်အတိုင်း စိစစ်ပါသည်။ |

## (၂) ဇုထပ်နှင့်အထက်အဆောက်အအုံများအတွက်အဆောက်အအုံပြီးစီးကြောင်းလက်မှတ်(BCC)

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) အဆောက်အအုံပြီးစီးကြောင်းလက်မှတ်အတွက်လျှောက်လွှာပုံစံ<br>(ခ) မြေရှင်၏GP/SPမှ တင်ပြမည်ဆိုပါကမြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာမှန်ကန်ကြောင်း မြေရှင်မှတင်ပြရန်<br>(ဂ) အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ လျှပ်စစ်ဌာနခွဲ၏ လျှပ်စစ်သွယ်တန်းမှု စစ်ဆေးရန် လျှောက်လွှာပုံစံ<br>၂။ ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်<br>၃။ ဆောက်လုပ်ခွင့်ပြုပုံစံ ( Drawing )မိတ္တူ(၁)စုံ<br>၄။ ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ ငွေသွင်းချလံမိတ္တူ<br>၅။ အဆောက်အအုံပြီးစီးကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့် စစ်ဆေးရေးအင်ဂျင်နီယာများ၏မှတ်ချက်ပါရှိသော မှတ်တမ်းစာအုပ် (Log Book) နှင့် လိုင်စင်ရ ကန်ထရိုက်တာ(LC)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသောဇယား<br>၆။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၇။ မီးသတ်ဦးစီးဌာန၏ထောက်ခံချက် မူရင်း နှင့် Fire Safety Certificate မိတ္တူ<br>၈။ အဆောက်အအုံ၏ ရှေ့/နောက်/ဝဲ/ယာ ဓါတ်ပုံများနှင့်လျှပ်စစ်မီတာ/ရေမော်တာ/ မိလ္လာကန်ထားရှိမှုဓါတ်ပုံ<br>၉။ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန (ရာပြတ်ဌာန)၏အခွန်စည်းကြပ်ပြီးကြောင်းထောက်ခံချက်<br>၁၀။ ကန်ထရိုက်တိုက်နှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံများအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန)၏ အမှိုက်စွန့်ပစ်ရန် လုံလောက်သည့်အမှိုက်ပုံးထားရှိမည်ဖြစ်ကြောင်းခံဝန်<br>၁၁။ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့၏ ရေစီးရေလာနှင့်မိလ္လာစနစ်တို့အတွက် သဘောထားမှတ်ချက်<br>၁၂။ Lift ပါဝင်သော အဆောက်အအုံဖြစ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ဓာတ်လှေကားအသုံးပြုခွင့် လက်မှတ်<br>၁၃။ (၁၈)ခန်းနှင့်အထက် အဆောက်အအုံဖြစ်ပါက Transformer တပ်ဆင်သုံးစွဲခွင့်ပြုကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက်<br>၁၄။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ထောက်ခံချက် (သို့မဟုတ်) လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာ (LC)တို့၏ခံဝန်ကတိ<br>၁၅။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စစိစစ်ဆောင်ရွက်ပြီးကြောင်းထောက်ခံချက်<br>၁၆။ အဆိုပြုအဆောက်အအုံအတွက် လိုင်စင်ရတိုင်းတာရေး အင်ဂျင်နီယာ၏ Theodolite တိုင်းတာချက် |

| | |
|---|---|
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by- law/Rules & Regulations |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ အဆောက်အအုံပြီးစီးကြောင်း စစ်ဆေးခံရန်အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲသို့ မြေရှင်(သို့) မြေရှင်၏GP/SP ရရှိသူ(သို့) လိုင်စင်ရ ကန်ထရိုက်တာ(LC)မှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ နောက်ဆက်တွဲ(ဏ)ပါအတိုင်း စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း မှတ်တမ်းရေးသွင်းပြီးသော စစ်ဆေးချက်မှတ်တမ်းစာအုပ်(Log Book)အား ဌာနမှုသတ်မှတ်ထားသည့် ထောက်ခံချက်များနှင့်အတူ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲ (BCC Section) သို့ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၃။ ပြည့်စုံမှုရှိသည့် BCC အမှုတွဲများအား ခွင့်ပြုရန် မြေရှင်ထံ BCC ပုံစံစစ်ဆေးခ ပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၄။ မြေရှင်အား BCC ပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး BCC ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ၏ ၂၅% (ခွင့်ပြုမိန့်ကာလအတွင်း) |
| ကြာမြင့်ချိန် | - ၁၄ ရက် (အလုပ်ဖွင့်ရက်) |

## ၂။ ခြံစည်းရိုးကာရံခွင့်

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) ခြံစည်းရိုးကာရံခွင့် လျှောက်လွှာပုံစံ<br>(ခ) ခြံစည်းရိုးကာရံခြင်းအား ကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တင်ပြရန်<br>(ဂ) ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်းနှင့်မြေပိုင်ဆိုင်မှု ပြဿနာပေါ်ပေါက်ခြင်းတို့အတွက် အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း မြေရှင်မှ ခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>(င) မြေရှင်၏ GP / SP မှ တင်ပြမည်ဆိုပါက မြေရှင် သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်<br>(စ) ခြံစည်းရိုးကာရံခြင်းနှင့်ပတ်သက်၍ ဆက်စပ်မြေကွက်ပိုင်ရှင်များ၏ ကန့်ကွက်ရန်မရှိကြောင်း တင်ပြရန်<br>(ဆ) မိမိပိုင်နယ်နိမိတ်၌သာ ကာရံမည်ဖြစ်ကြောင်း မြေရှင်၏ ခံဝန်ကတိတင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဂရန်မိတ္တူနှင့်သက်ဆိုင်ရာဌာနမှ(၁)နှစ်အတွင်းထုတ်ပေးထားသော နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ(D/Map)မိတ္တူ<br>၅။ မြေရှင်နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာမှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size)<br>မှတ်ချက်။ အမှတ်စဉ်(၃)နှင့်(၄)သည်မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |

| | |
|---|---|
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations / Myanmar National Building Code 2016. |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ ခြံစည်းရိုးကာရံမည့်ပုံစံနှင့် တင်ပြရန်လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံ အဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင် (သို့မဟုတ်) မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ ကာရံမည့်ပုံစံနှင့် တင်ပြရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်ဘဏ်တွင် ပုံစံစစ်ဆေးခ ပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ(တ)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ မြေရှင်တင်ပြသည့် ခြံစည်းရိုးကာရံမည့်ပုံစံနှင့် တင်ပြထားသော စာရွက်စာတမ်း အထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ MNBC 2016 နှင့်အညီ စိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် ခြံစည်းရိုးကာရံခွင့်အမှုတွဲများကို ခြံစည်းရိုးကာရံခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။<br>၇။ ခွင့်ပြုမိန့်ရရှိပါက ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၈။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ခြံကာရံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှကာရံပြီးကာလအထိနောက်ဆက်တွဲ(ထ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပါသည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - |

## ၃။ အဆောက်အအုံအကြီးစားပြင်ဆင်ခွင့်

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) အဆောက်အအုံအကြီးစားပြင်ဆင်ခွင့် လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းအား ကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှတင်ပြရန်<br>(ဂ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>(ဃ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာမှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/ အောက်ကူးရန်)<br>၃။ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ၊ အိမ်ငှား/ အခန်းငှားဖြစ်ပါက ငှားရမ်းစာချုပ်မိတ္တူ<br>၅။ လျှောက်ထားသူ၏ အိမ်ထောင်စုစာရင်းမိတ္တူ<br>၆။ လျှောက်ထားသူနှင့်မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ/ ဗိသုကာတို့မှ လက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံ(၃)စုံ (A3 Size) (ပြင်ဆင်မည့်အစိတ်အပိုင်းများအား အနီရောင်ခြယ်ပေးရမည်)<br>၇။ ပြင်ဆင်လိုသည့်အဆောက်အအုံ၏ ဓာတ်ပုံနှင့် ပြင်ဆင်လိုသည့်အစိတ်အပိုင်းများ၏ ဓာတ်ပုံ<br>၈။ နေထိုင်အသုံးပြုသူဖြစ်ပါက မြေရှင်၏ ထောက်ခံချက်<br>၉။ နေထိုင်အသုံးပြုသူမှ မြေရှင်၏ထောက်ခံချက်မရရှိပါက မြို့နယ်ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ ထောက်ခံချက်<br>၁၀။ နေထိုင်အသုံးပြုသူမှ အခန်းပြင်ဆင်ခွင့် တင်ပြလာပါက အခန်းရှင်/ မြေရှင်၊ ဆက်စပ်အခန်းများ၏ထောက်ခံချက်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်<br>မှတ်ချက်။ အမှတ်စဉ်(၃)နှင့်(၄)သည် မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |

| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations |
|---|---|
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ အကြီးစားပြင်ဆင်မည့်ပုံစံနှင့် တင်ပြရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင် (သို့) မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ပုံစံခွင့်ပြုဌာနခွဲမှပြင်ဆင်မည့်ပုံစံနှင့် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်ဘဏ်တွင် ပုံစံစစ်ဆေးခ၏ ၁၀% ကို ပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ (ဒ)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ လျှောက်ထားသူ တင်ပြသည့် ပြင်ဆင်မည့်ပုံစံနှင့် တင်ပြထားသော စာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် ပြင်ဆင်ခွင့်အမှုတွဲများကို **အကြီး**စားပြင်ဆင်ခွင့်ပြုရန် မြေရှင်ထံ ပြင်ဆင်ခွင့်ပုံစံစစ်ဆေးခ၏ ၉၀ % ကိုပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၇။ မြေရှင်အား အကြီးစားပြင်ဆင်ခွင့် ပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး အကြီးစားပြင်ဆင်ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။<br>၈။ ခွင့်ပြုမိန့်ရရှိပါက **အကြီး**စားပြင်ဆင်ခွင့်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပါသည်။<br>၉။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊စစ်ဆေးရေးဌာနခွဲမှပြင်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ ပြင်ဆင်ပြီးကာလအထိ နောက်ဆက်တွဲ(ဓ)ပါအတိုင်းစစ်ဆေးကြပ်မတ်ပါသည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - အဆောက်အအုံအသေးစားပြင်ဆင်ခွင့်များကို ပြင်ဆင်လိုသည့်အချက်အလက်များ ဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် လျှောက်ထားရပါမည်။ |

## ၄။ ပုံစံပြောင်းလဲဆောက်လုပ်ခွင့်(Revised Plan)

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/ အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) Revised Plan လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံကြီးကြပ်ဆောက်လုပ်မည်ဖြစ်ကြောင်းမှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာမှ တင်ပြရန်<br>(ဂ) ပြောင်းလဲဆောက်လုပ်လိုသည်မှာ စီးပွားရေးလုပ်ငန်းသုံးအဆောက်အအုံ ပုံစံဖြစ်ပါက အသုံးပြုခြင်းနှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်ရှိ မြေကွက်ပိုင်ရှင်များ[ ဘေးဝဲဘက်(၂)ဦး၊ ယာဘက် (၂)ဦး၊ ရှေ့ဘက်(၃)ဦး၊ နောက်ဘက်(၃)ဦး၊ စုစုပေါင်း(၁၀)ဦး] မှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်တင်ပြရန်<br>(ဃ) အဆောက်အအုံခိုင်ခံ့မှုနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တာဝန်ယူကြောင်း ခံဝန်ကတိတင်ပြရန် |

| | |
|---|---|
| | ၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဆောက်လုပ်ခွင့်ပြုမိန့် မိတ္တူ(၁)ရွက်<br>၅။ ဆောက်လုပ်ခွင့်ပြုမိန့် ပုံစံ (Drawing)မိတ္တူ(၁)စုံ<br>၆။ မိသားစုလုံးချင်းနှင့် စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံပုံစံဖြစ်ပါက မြေရှင်နှင့်မှတ်ပုံတင် လက်မှတ်ရအင်ဂျင်နီယာ/ဗိသုကာတို့မှလက်မှတ်ရေးထိုးထားသောအဆိုပြုပုံစံ(၃)စုံ (A3 Size)၊ [လိုင်စင်ရကန်ထရိုက်တာ (LC) လက်မှတ်ရေးထိုးရန် လိုအပ်မည့်အဆောက်အအုံများအတွက် လိုင်စင်ရကန်ထရိုက်တာ(LC)လက်မှတ်ပါတစ်ပါတည်းရေးထိုးရန်]<br>၇။ Structure Calculation တင်ပြရန် လိုအပ်မည့် အဆောက်အဦများအတွက် Structure Calculation(၁)စုံ<br>မှတ်ချက်။ အမှတ်စဉ်(၃)သည် မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations / CQHP GuideLines /<br>Myanmar National Building Code 2016. |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ ပြောင်းလဲမည့်ပုံစံနှင့် တင်ပြရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင် (သို့မဟုတ်)မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ ပြောင်းလဲမည့်ပုံစံနှင့် တင်ပြရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်ဘဏ်တွင် ပုံစံစစ်ဆေးခ၏ ၁၀% ကို ပေးသွင်းရမည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ (န)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ လျှောက်ထားသူ တင်ပြသည့် ပြောင်းလဲဆောက်လုပ်မည့်ပုံစံနှင့် တင်ပြထားသောစာရွက်စာတမ်း အထောက်အထား များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊CQHP Guide Lines၊ MNBC 2016 နှင့်အညီစိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် (Revised Plan) အမှုတွဲများကို ပြောင်းလဲဆောက်လုပ်ခွင့်ပြုရန် မြေရှင်ထံ ပုံစံပြောင်းလဲဆောက်လုပ်ခွင့် (Revised Plan) ပုံစံစစ်ဆေးခပေးသွင်းရန် အကြောင်းကြား ဆောင်ရွက်ပါမည်။<br>၇။ မြေရှင်အား ပုံစံစစ်ဆေးခ၏ ၉၀% နှင့် အဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စအဝဝအတွက် အာမခံကြေးပေးသွင်းရန် လိုအပ်သည့် အဆောက်အအုံများအား ရန်ကုန်မြို့တော်ဘဏ်တွင် တစ်ပါတည်း ပေးသွင်းစေပြီး ပုံစံပြောင်းလဲဆောက်လုပ်ခွင့် (Revised Plan) ခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။<br>၈။ ခွင့်ပြုမိန့်ရရှိပါက ပုံစံပြောင်းလဲဆောက်လုပ်ခွင့်(Revised Plan)လုပ်ငန်းစတင် ဆောင်ရွက်နိုင်ပါသည်။<br>၉။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဆောက်လုပ်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ ဆောက်လုပ်ပြီးကာလထိ နောက်ဆက်တွဲ (ပ)ပါအတိုင်း စစ်ဆေး ကြပ်မတ်ပါသည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - အဆောက်အအုံအသုံးပြုမှုအလိုက် လိုအပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း၊ ဝန်ကြီးဌာနတို့၏ ထောက်ခံချက်များ (ဥပမာ-ဘာသာရေးဆိုင်ရာအဆောက်အအုံဖြစ်ပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းသာသနာရေးမှူးတို့၏ထောက်ခံချက်၊ ဟိုတယ်အဆောက်အအုံ ဖြစ်ပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ခံချက်စသည့်....) နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အခါအားလျော်စွာလိုအပ်၍တောင်းခံသည့် စာရွက်စာတမ်း/အထောက်အထား များကိုလည်း ပူးတွဲတင်ပြရန် လိုအပ်ပါသည်။ |

## ၅။ အဆောက်အအုံ ဖျက်သိမ်းခွင့်

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) အဆောက်အအုံဖျက်သိမ်းခွင့် လျှောက်လွှာပုံစံ<br>(ခ) အဆောက်အအုံ ဖျက်သိမ်းခြင်းအတွက် တာဝန်ယူကြောင်း မြေရှင်မှ ခံဝန်ကတိ တင်ပြရန်<br>(ဂ) အဆောက်အအုံ ဖျက်သိမ်းရာတွင် ဘေးကပ်လျက်ရှိသော အဆောက်အအုံ ပျက်စီးမှု မရှိစေရန် ဖျက်သိမ်းပါမည့်အကြောင်း မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာနှင့်မြေရှင်တို့မှ ခံဝန်ကတိတင်ပြရန်<br>(ဃ) အိမ်ရှင်/အိမ်ငှား ပြဿနာအရှုပ်အရှင်းကင်းရှင်းကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ မြေပိုင်ဆိုင်မှုအထောက်အထားမိတ္တူ<br>၅။ ဖျက်သိမ်းမည့်အဆောက်အအုံ၏ ဓာတ်ပုံနှင့်ဘေးနှစ်ဘက်ရှိ အဆောက်အအုံများ၏ ဓာတ်ပုံ<br>မှတ်ချက်။ အမှတ်စဉ်(၃)နှင့်(၄)သည် မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by - law/Rules & Regulations |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ အဆောက်အအုံဖျက်သိမ်းရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲသို့ မြေရှင်(သို့မဟုတ်)မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ အဆောက်အအုံဖျက်သိမ်းရန် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံမှုရှိ/ မရှိ စိစစ်ပါမည်။<br>၃။ ပြည့်စုံမှုရှိပါက အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တင်ပြအမှုတွဲအား လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။<br>၄။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ(ဖ)ပါ အတိုင်းကွင်းဆင်း စစ်ဆေးမည်ဖြစ်ပါသည်။<br>၅။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲမှ မြေပြင်စစ်ဆေးချက်နှင့်အတူ လျှောက်ထားသူ တင်ပြသည့်အဆောက်အအုံ ဖျက်သိမ်းရန် တင်ပြထားသော စာရွက်စာတမ်း အထောက်အထား များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ စိစစ်မည်ဖြစ်ပါသည်။<br>၆။ ပြည့်စုံမှုရှိသည့် အဆောက်အအုံဖျက်သိမ်းခွင့် အမှုတွဲများကို ဖျက်သိမ်းခွင့်ပြုရန် မြေရှင်ထံ ဖျက်သိမ်းခွင့် ပုံစံစစ်ဆေးခပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၇။ မြေရှင်အား ဖျက်သိမ်းခွင့် ပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး ဖျက်သိမ်းခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။<br>၈။ ခွင့်ပြုမိန့်ရရှိပါက အဆောက်အအုံဖျက်သိမ်းခြင်းလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ပါသည်။ |

| | |
|---|---|
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၉။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်ဖျက်သိမ်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်ချိန်မှ ဖျက်သိမ်းပြီးကာလထိ နောက်ဆက်တွဲ (ဇ)ပါအတိုင်း စစ်ဆေးကြပ်မတ်ပါသည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - နှုန်းထားဇယားကြည့်ရန် |
| ကြာမြင့်ချိန် | - ၂၁ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခါအားလျော်စွာ လိုအပ်၍ တောင်းခံသည့် စာရွက်စာတမ်း/အထောက်အထားများ ကိုလည်း ပူးတွဲတင်ပြရန် လိုအပ်ပါသည်။ |

## ၆။ ဆောက်လုပ်ခွင့်ပြုမိန့်သက်တမ်းတိုး

| | |
|---|---|
| လျှောက်ထားသူမှ တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်း/အထောက်အထားများ | ၁။ သတ်မှတ်လျှောက်လွှာ<br>(က) ဆောက်လုပ်ခွင့် သက်တမ်းတိုး လျှောက်လွှာပုံစံ<br>(ခ) မြေရှင်၏ GP/SP မှ တင်ပြမည်ဆိုပါက မြေရှင်သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲအပ်ထားသည်မှာ မှန်ကန်ကြောင်း မြေရှင်မှ တင်ပြရန်<br>၂။ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မြေရှင်၊ GP/SP) (A4 Size တစ်မျက်နှာတည်းတွင် အပေါ်/အောက်ကူးရန်)<br>၃။ လိုင်စင်ရကန်ထရိုက်တာစိစစ်ရေးကတ်ပြားမိတ္တူ၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ/ဗိသုကာ လုပ်ငန်းလုပ်ကိုင်ခွင့်သက်သေခံကတ်ပြားမိတ္တူ<br>၄။ ဆောက်လုပ်ခွင့်ပြုမိန့်မိတ္တူ (၁)ရွက်<br>၅။ ဆောက်လုပ်ခွင့်ပြုပုံစံ(Drawing)မိတ္တူ(၁)စုံ<br>၆။ ဆောက်လုပ်ခွင့် ပုံစံစစ်ဆေးခ ငွေသွင်းချလံမိတ္တူ<br>မှတ်ချက်။ အမှတ်စဉ်(၃)သည့် မိတ္တူမှန်ဖြစ်ရန်အတွက် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| မှီငြမ်းသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | Y.C.D.C by- law/Rules & Regulations |
| ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် | ၁။ ဆောက်လုပ်ခွင့်သက်တမ်းတိုး တင်ပြရန် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများကို အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲ၊ (BCC Section)သို့ မြေရှင်(သို့) မြေရှင်၏ GP/SP ရရှိသူမှ လာရောက်တင်ပြလျှောက်ထားရပါမည်။<br>၂။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ စစ်ဆေးရေးဌာနခွဲမှ မြေပြင်အခြေအနေကို နောက်ဆက်တွဲ (ဘ)ပါအတိုင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပါသည်။<br>၃။ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ပုံစံခွင့်ပြုဌာနခွဲ၊ (BCC Section )မှ မြေပြင်စစ်ဆေးချက်နှင့်အတူ တင်ပြထားသော စာရွက်စာတမ်းအထောက်အထားများကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မည်ဖြစ်ပါသည်။<br>၄။ ပြည့်စုံမှုရှိသည့် ဆောက်လုပ်ခွင့် သက်တမ်းတိုး အမှုတွဲများကို ခွင့်ပြုရန် မြေရှင်ထံ သက်တမ်းတိုးပုံစံစစ်ဆေးခပေးသွင်းရန် အကြောင်းကြားဆောင်ရွက်ပါမည်။<br>၅။ မြေရှင်အား ဆောက်လုပ်ခွင့်သက်တမ်းတိုးပုံစံစစ်ဆေးခကို ရန်ကုန်မြို့တော်ဘဏ်တွင် ပေးသွင်းစေပြီး ဆောက်လုပ်ခွင့်သက်တမ်းတိုးခွင့်ပြုမိန့် ဆက်လက်ဆောင်ရွက်ပါမည်။ |
| ပေးသွင်းရမည့်ငွေကြေးများ | - ဆောက်လုပ်ခွင့်ပုံစံစစ်ဆေးခ၏ ၂၅% (ခွင့်ပြုမိန့်ကာလအတွင်း) |
| ကြာမြင့်ချိန် | - ၁၄ ရက် (အလုပ်ဖွင့်ရက်) |
| မှတ်ချက် | - |

## ပေးသွင်းရမည့် ငွေကြေးနှုန်းထားများဇယား

| စဉ် | အကြောင်းအရာ | နှုန်းထား |
|---|---|---|
| (က) | **ပုံစံစစ်ဆေးခများ** | |
| | (၁) အဆောက်အဦသစ်ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့် | |
| | (ကက) မိသားစုလုံးချင်းနေအိမ်/ဘာသာရေးဆိုင်ရာ/ဌာနဆိုင်ရာ အဆောက်အအုံများ | |
| | – တိုက်/ Steel | ၁ စတုရန်းပေ – ၅၅ ကျပ် |
| | – အုတ်ညှပ် | ၁ စတုရန်းပေ – ၃၅ ကျပ် |
| | – ပျဉ် | ၁ စတုရန်းပေ – ၂၅ ကျပ် |
| | (ခခ) အများသုံးလူနေ/စီးပွားရေးသုံးအဆောက်အအုံများ | |
| | – တိုက်/ Steel | ၁ စတုရန်းပေ – ၈၅ ကျပ် |
| | – အုတ်ညှပ် | ၁ စတုရန်းပေ – ၈၅ ကျပ် |
| | – ပျဉ် | ၁ စတုရန်းပေ – ၈၅ ကျပ် |
| | (၂) ခြံစည်းရိုးကာရံခွင့်/ပြင်ဆင်ခွင့် | အလျား ၁ ပေ – ၁၂၀ ကျပ် |
| | (၃) အဆောက်အအုံဟောင်းဖျက်သိမ်းခွင့် | |
| | (ကက) တိုက်/ Steel | ၁ စတုရန်းပေ – ၃၀ ကျပ် |
| | (ခခ) အုတ်ညှပ် | ၁ စတုရန်းပေ – ၂၅ ကျပ် |
| | (ဂဂ) ပျဉ် | ၁ စတုရန်းပေ – ၂၀ ကျပ် |
| (ခ) | **လူနေထိုင်ခွင့် (BCC) အမည်ပြောင်းခ** | ၃၆၀၀၀ ကျပ် |
| (ဂ) | **မိတ္တူမှန်ကူးယူခ** | |
| | (၁) ခွင့်ပြုမိန့် | ၁ ရွက် – ၃၀၀၀ ကျပ် |
| | (၂) ခွင့်ပြုပုံစံ | ၁ ရွက် – ၁၅၀၀ ကျပ် |
| (ဃ) | **အဆောက်အအုံစစ်ဆေးချက်မှတ်တမ်းစာအုပ် (Log Book)** | |
| | (၁) (၄)ထပ်နှင့်အထက် | ၁ အုပ် – ၄၅၀၀ ကျပ် |
| | (၂) (၃)ထပ်နှင့်အောက် | ၁ အုပ် – ၁၅၀၀ ကျပ် |
| (င) | **Logo ကြေး** | ၁ စတုရန်းပေ – ၆၀၀၀ ကျပ် |
| (စ) | **အဆောက်အအုံဆောက်လုပ်ခြင်းအတွက်အာမခံကြေး** | |
| | (၁) (၄)ထပ်နှင့်အထက် | အဆောက်အအုံ ၁လုံး – ၅၀၀၀၀၀၀ ကျပ် |
| | (၂) အများသုံးလူနေ (၃)ထပ်တိုက် | အဆောက်အအုံ ၁လုံး – ၃၀၀၀၀၀၀ ကျပ် |
| (ဆ) | **ဒဏ်ကြေးငွေများ** | |
| | (၁) ကြိုတင်ဆောက်ဒဏ်ကြေး | |
| | (ကက) မိသားစုနေအိမ် | ၁ စတုရန်းပေ – ၅၀၀ ကျပ် |
| | (ခခ) အများသုံးလူနေနှင့်စီးပွားရေးသုံးအဆောက်အအုံ | ၁ စတုရန်းပေ – ၂၅၀၀ ကျပ် |
| | (ဂဂ) ခြံစည်းရိုး | အလျား ၁ပေ – ၃၆၀ ကျပ် |
| | (၂) ကျော်လွန်ဆောက်သည့်ဒဏ်ကြေး | ၁ စတုရန်းပေ – ၁၅၀၀၀ ကျပ် |
| | (၃) အမြင့်ပေပိုဒဏ်ကြေး | |
| | (ကက) မိသားစုလုံးချင်းအဆောက်အအုံ | ၁ ပေ – ၁၂၀၀၀၀ ကျပ် |
| | (ခခ) အများသုံးလူနေနှင့်စီးပွားရေးသုံးအဆောက်အအုံ | ၁ ပေ – ၂၄၀၀၀၀ ကျပ် |

| စဉ် | အကြောင်းအရာ | နှုန်းထား |
|---|---|---|
| | (၄) ကြိုတင်ဖျက်သိမ်းဒဏ်ကြေး | |
| | (ကက) တိုက်/ Steel | ၁ စတုရန်းပေ – ၆၅ ကျပ် |
| | (ခခ) အုတ်ညှပ် | ၁ စတုရန်းပေ – ၅၅ ကျပ် |
| | (ဂဂ) ပျဉ် | ၁ စတုရန်းပေ – ၃၅ ကျပ် |
| | (၅) စစ်ဆေးချက်နေ့စဉ်မှတ်တမ်းစာအုပ် (Log Book) ပျောက်ဆုံးဒဏ်ကြေး | |
| | (ကက) (၄)ထပ်အောက် | ၁ အုပ် – ၁၀၀၀၀၀ ကျပ် |
| | (ခခ) (၄)ထပ်မှ(၈)ထပ်ထိ | ၁ အုပ် – ၃၀၀၀၀၀ ကျပ် |
| | (ဂဂ) (၉)ထပ်နှင့်အထက် | ၁ အုပ် – ၅၀၀၀၀၀ ကျပ် |
| | (၆) ကြိုတင်လူနေဒဏ်ကြေး | |
| | (ကက) မိသားစုလုံးချင်းအဆောက်အအုံ | ၆၀၀၀၀ ကျပ် |
| | (ခခ) အများသုံးလူနေအဆောက်အအုံ | ၁ ခန်းလျှင် – ၁၂၀၀၀၀ ကျပ် |
| | (ဂဂ) စီးပွားရေးသုံးအဆောက်အအုံ | ၁ ခန်းလျှင် – ၂၄၀၀၀၀ ကျပ် |
| **မှတ်ချက်။** | ။ **Revised Plan တင်ပြလာသောအဆောက်အအုံများအတွက် ပြောင်းလဲသွားသည့်ဧရိယာအား ဆောက်လုပ်ခွင့်နှုန်းထားများအတိုင်း ကောက်ခံပါမည်။** | |

**နောက်ဆက်တွဲ**

| အမှတ်စဉ် | အကြောင်းအရာ |
|---|---|
| က | Checklist of architectural documents for final permit (3storey & below) |
| ခ | Checklist of architectural documents for proposal (4 storey to 8 storey) |
| ဂ | Checklist of architectural documents for final permit (4 storey to 8 storey) |
| ဃ | Detailed checklist of structural design documents for final permit (4 storey to 8 storey) |
| င | Pre-checklist and Detailed checklist of architectural documents for proposal (9 storey and Above) |
| စ | Pre-checklist of design documents for final permit (9 storey and Above) |
| ဆ | Detailed checklist of architectural documents for final permit (9 storey to 13 storey) |
| ဇ | Detailed checklist of structural design documents for final permit (9 storey to 13 storey) |
| ဈ | Detailed checklist of water supply and sanitation design documents (9 storey to 13 storey) |
| ည | Detailed checklist of electrical design documents (9 storey to 13 storey) |

| အမှတ်စဉ် | အကြောင်းအရာ |
| --- | --- |
| ၄၃ | (၃)ထပ်နှင့်အောက် (မြေပိုင်ဆိုင်မှုမှန်/ မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်) အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားရာတွင် မြေပြင်ကွင်းဆင်းစစ်ဆေးချက်များ |
| ၄၄ | ဆောက်လုပ်ခွင့်ပြုထားသည့် (၃)ထပ်နှင့်အောက် (မြေပိုင်ဆိုင်မှုမှန်/ မြေပိုင်ဆိုင်မှုအရပ်ကတိစာချုပ်) အဆောက်အအုံသစ် ဆောက်လုပ်ခြင်းကို စစ်ဆေးကြပ်မတ်ချက်များ |
| ၃၃ | (၄)ထပ်နှင့်အထက် အဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်း စစ်ဆေးချက်များ |
| ဃ | ဆောက်လုပ်ခွင့်ပြုထားသည့် (၄)ထပ်နှင့်အထက် အဆောက်အအုံသစ်ဆောက်လုပ်ခြင်းကို စစ်ဆေး ကြပ်မတ်ချက်များ |
| ဏ | အဆောက်အအုံပြီးစီးကြောင်းလက်မှတ်( BCC )လျှောက်ထားလာပါက မြေပြင်ကွင်းဆင်း စစ်ဆေးချက်များ |
| တ | ခြံစည်းရိုးကာရံခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးချက်များ |
| ထ | ခွင့်ပြုထားသည့် ခြံစည်းရိုးကာရံခြင်းကို စစ်ဆေးကြပ်မတ်ချက်များ |
| ဒ | အဆောက်အအုံအကြီးစားပြင်ဆင်ခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးချက်များ |
| ဓ | ပြင်ဆင်ခွင့်ပြုထားသည့် အဆောက်အအုံအကြီးစားပြင်ဆင်ခြင်းကို စစ်ဆေးကြပ်မတ်ချက်များ |
| န | အဆောက်အအုံပုံစံပြောင်းလဲပြင်ဆင်ခွင့်( Revised Plan) လျှောက်ထားလာပါက မြေပြင် ကွင်းဆင်း စစ်ဆေးချက်များ |
| ပ | ဆောက်လုပ်ခွင့်ပြုထားသည့် အဆောက်အအုံပုံစံပြောင်းလဲပြင်ဆင်ခြင်း(Revised Plan)ကို စစ်ဆေးကြပ်မတ်ချက်များ |
| ဖ | အဆောက်အအုံဖျက်သိမ်းခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးချက်များ |
| ဗ | ခွင့်ပြုထားသည့် အဆောက်အအုံဖျက်သိမ်းခြင်းကို စစ်ဆေးကြပ်မတ်ချက်များ |
| ဘ | အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားလာပါက မြေပြင်ကွင်းဆင်း စစ်ဆေးချက်များ |
| မ | အဆောက်အအုံအသုံးပြုမှုအလိုက် လိုအပ်သောစာရွက်စာတမ်းများ |